Mrs. Deirdre P. Pierce ၊ ဘုတ်အဖွဲ့ ဥက္ကဌ
Ms. Allyson Gevertz ၊ ဒုဥက္ကဌ
Mr. Andrew B. Ziffer
Mrs. Whitney McGinniss
Dr. Tiffany Tate-Hogan
Mr. Diijon DaCosta, Sr.
Mr. Awet Eyasu

DeKalb County School District

Dr. Devon Q. Horton ၊ *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

မေလ 28 ရက်၊ 2025

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D*၊ 678-481-4110
Carla Parker 404-734-1717

# DCSD ၏ 2025 ပညာသင်အတန်းသည် ပညာသင်ဆု စကောလားရှစ်ပ် ကမ်းလှမ်းချက်များ သန်းပေါင်း $200 ကျော်အထိ ရရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ - ယခုနှစ်တွင် 378% ခုန်တက် တိုးမြင့်သွားခဲ့ခြင်းဖြစ်သည်

(STONE MOUNTAIN, GA)- DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) စီနီယာများသည် ကောလိပ် ပညာသင်ဆု စကောလားရှစ်ပ်များအဖြစ် တန်ဖိုး $200,807,198 အထိအား ရယူနိုင်ခဲ့ရာ မှတ်တမ်းစာအုပ်ကို ထပ်မံ၍ စံချိန်တင်နိုင်ခဲ့ပေပြီ၊ ဤသည်မှာ ယခင်နှစ်၏ သန်းပေါင်း $42 သန်းမှ ခုန်တက်သွားခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့်အပတ် Georgia ပြည်နယ်၏ တက္ကသိုလ် ဘွဲ့ နှင်းသဘင် စင်တာတွင် ကျင်းပခဲ့သော ကျောင်းပြီးမြောက်အောင်မြင်မှု ဘွဲ့အခမ်းအနားများအတောအတွင်း ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton မှ ထုတ်ပြန်ကြေငြာခဲ့သည့် ဤမှတ်ကျောက်တိုင်သည် တစ်နှစ်တာအတွင်း 378 ရာခိုင်နှုန်းအထိ တိုးမြင့်ခုန်တက်သွားမှုကို မှတ်ကျောက်တင်နိုင်ခဲ့ပေသည်။

"ကျွန်ုပ်တို့ DeKalb ကောင်တီ စာသင်ကျောင်းတွေရဲ့ 2025 အတန်းက ကျောင်းပြီးမြောက်အောင်မြင်ကြသူတွေနဲ့ ၎င်းတို့ရဲ့ အံ့သြလောက်ဖွယ် ပညာသင်ဆု ရရှိမှုများအပေါ် ကျွန်ုပ်တို့ တကယ်ပဲ ဂုဏ်ယူမိပါတယ်၊" ဟု Dr. Horton မှ ပြောကြားခဲ့သည်။ "သူတို့လေးတွေရဲ့ အောင်မြင်မှုကို ကြည့်ရှုခြင်းအားဖြင့် ကျောင်းသားတွေ ရှင်သန်ရှုန်းကန်နိုင်စေဖို့ ခွန်အားပေးနိုင်တဲ့ နိုင်ငံတကာအဆင့်မီ စနစ်တွေကို လူကြီးတွေက ဖန်တီးဆောင်ရွက်ပေးတဲ့အခါမှာ ဖြစ်မြောက်လာနိုင်တဲ့အရာတွေကို ပြသနေခြင်းပဲ ဖြစ်ပါတယ်။ ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဟာ အမှန်တကယ်ကို ခြားနားချက်တွေ ပြုလုပ်နိုင်စေမှာ ဖြစ်ပါတယ်။"

Dr. Horton ၏ ခေါင်းဆောင်မှုအောက်တွင် DCSD သည် Post-Secondary P.U.S.H. (အထက်တန်းကျောင်းပြီးနောက်ပိုင်း P.U.S.H. အစီအစဉ်) အား စတင်မိတ်ဆက်ပေးခဲ့သည်။ ၎င်းအစီအစဉ်သည် ဤနှစ်၏ အထက်တန်းကျောင်းသား ပညာသင်များ အားလုံးအတွက် ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ စူးစမ်းလေ့လာဖော်ထုတ်နိုင်မည့် အခွင့်အလမ်းများကို တိုးမြင့်ဆောင်ရွက်ပေးသွားရန် ရည်ရွယ်သည်။ P.U.S.H. အစီအစဉ်အားဖြင့် ခရိုင်သည် ၎င်း၏ အဓိကအာရုံပြုလုပ်ဆောင်ချက်အား မြင့်မားသော ပညာရေး စံသတ်မှတ်ချက်များနှင့် တစ်ညီတည်းဖြစ်စေရန် နှင့် အထက်တန်းကျောင်းပြီးနောက်ပိုင်း ပံ့ပိုးထောက်ပံ့မှုများကို ချဲ့ထွင်ဆောင်ရွက်ပေးသွားရန် အထူးအားစိုက်ထုတ်ခဲ့ပေသည်၊ အထက်တန်းကျောင်းပြီးနောက်ပိုင်း ပံ့ပိုးထောက်ပံ့မှုများဟုဆိုရာတွင် ပညာသင်ဆု လမ်းညွှန်ပြသပေးသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် တစ်ဦးချင်း အကြံပြုတိုင်ပင်ဆွေးနွေးပေးခြင်းများ ပါဝင်ပေသည်။

ဤနှစ်တွင် မယုံနိုင်လောက်အောင်ပင် DCSD စာသင်ကျောင်း ၆ ကျောင်းသည် ပညာသင်ဆု ကမ်းလှမ်းချက် သန်းပေါင်း $10 သန်း အမှတ်အသားကိုပင် ကျော်လွန်၍ စွမ်းဆောင်နိုင်ခဲ့ပြီး၊ Chamblee အထက်တန်းကျောင်း ($27.7 သန်း)၊ Dunwoody အထက်တန်းကျောင်း ($16.9 သန်း)၊ Lakeside အထက်တန်းကျောင်း ($16.6 သန်း) နှင့် Arabia Mountain အထက်တန်းကျောင်း ($14.9 သန်း) ဟူ၍ အစဉ်အတိုင်း ဦးဆောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။ အောက်ဖော်ပြပါ ဇယားကွက်သည် မေလ 27 ရက်အရ ရရှိထားသော အထက်တန်းကျောင်း ပညာသင်ဆု ပမာဏတစ်ခုစီအား ပြသထားခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ဆုများ ပိုမို ပေါင်းထည့်လာသည်နှင့်အမျှ ဤစုစုပေါင်း ပမာဏများသည် ဆက်လက်၍ ပိုမို တိုးမြင့်လာမည် ဖြစ်သည်။

| ကျောင်း | ပညာသင်ဆု ကမ်းလှမ်းချက်များ | ကျောင်း | ပညာသင်ဆု ကမ်းလှမ်းချက်များ |
|---|---|---|---|
| Arabia Mountain အထက်တန်းကျောင်း | $14,926,264 | Lithonia အထက်တန်းကျောင်း | $14,607,183 |
| Cedar Grove အထက်တန်းကျောင်း | $9,294,005 | MLK, Jr. အထက်တန်းကျောင်း | $5,566,513 |
| Chamblee အထက်တန်းကျောင်း | $27,681,352 | McNair အထက်တန်းကျောင်း | $4,935,457 |
| Clarkston အထက်တန်းကျောင်း | $9,298,862 | Miller Grove အထက်တန်းကျောင်း | $4,054,093 |
| Columbia အထက်တန်းကျောင်း | $6,297,972 | Redan အထက်တန်းကျောင်း | $7,559,038 |
| Cross Keys အထက်တန်းကျောင်း | $7,780,374 | SW Dekalb | $6,287,483 |

Mrs. Deirdre P. Pierce ၊ ဘုတ်အဖွဲ့ ဥက္ကဌ
Ms. Allyson Gevertz ၊ ဒုဥက္ကဌ
Mr. Andrew B. Ziffer
Mrs. Whitney McGinniss
Dr. Tiffany Tate-Hogan
Mr. Diijon DaCosta, Sr.
Mr. Awet Eyasu

| | | | |
|---|---|---|---|
| | | အထက်တန်းကျောင်း | |
| DeKalb Early College Academy (DeKalb အစောပိုင်း ကောလိပ် အကယ်ဒမီ) | $6,301,158 | Stephenson အထက်တန်းကျောင်း | $6,521,507 |
| DeKalb School Of The Arts စာသင်ကျောင်း | $6,155,047 | Stone Mtn အထက်တန်းကျောင်း | $6,443,756 |
| Druid Hills အထက်တန်းကျောင်း | $10,534,268 | Tapestry Public Charter ချာတာကျောင်း | $264,192 |
| Dunwoody အထက်တန်းကျောင်း | $16,927,160 | Towers အထက်တန်းကျောင်း | $3,080,676 |
| Elizabeth Andrews အထက်တန်းကျောင်း | $287,224 | Tucker အထက်တန်းကျောင်း | $9,420,333 |
| Lakeside အထက်တန်းကျောင်း | $16,583,281 | **ဂရန်း စုစုပေါင်း** *(မေလ 27 ရက်နေ့အရ)* | **$200,807,198** |

XXX